SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

**ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်းမှ နောက်ဆုံးရ လူ့အခွင့်အရေးချိုးဖောက်မှုထုတ်ပြန်ချက်**

၂၀၂၅ ခုနှစ် ဧပြီလ ၃ ရက်

**နောင်ချိုမြို့နယ်တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့်ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သား ၅ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရ**

၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက် မှ ဧပြီလ ၁ ရက်နေ့ကြားတွင် တအန်းအမျိုးသားလွတ်မြောက်ရေးတပ် မတော် (TNLA) ထိန်းချုပ်ထားသော နောင်ချိုမြို့နယ်တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက် ခိုက် မှုများ ကြောင့် အရပ်သား ၅ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရကာ နေအိမ်ပေါင်းမြောက်များစွာပျက်စီးခဲ့သည်။ စစ်ကောင် စီ၏တိုက်ခိုက်မှုအများစုမှာ မတ်လ ၂၈ ရက်နေ့က ဖြစ်ပွား ခဲ့သော ငလျင်ကပ်ဘေးအပြီးတွင်ဖြစ်ပြီး စစ်အစိုးရ သည်ယခုကဲ့သို့နိုင်ငံအကျပ်အတည်းကာလတွင် အသက်ကယ်ရန်ထက် နည်းအမျိုးမျိုးဖြင့် အာဏာကို ဆက်လက် ဆုပ်ကိုင်ထားရန်သာ ဦးစားပေး နေ ကြောင်း ထင်ရှားစွာပြသနေသည်။

၂၀၂၅ မတ်လ ၂၁ ရက်မှ ဧပြီလ ၁ ရက်အထိ နောင်ချိုမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းနှင့်ဒရုန်းတိုက်ခိုက်မှုကြောင့် အရပ်သားများ၏ ထိခိုက်သေဆုံးမှု



မတ်လ၂၁ ရက်နေ့မနက်ပိုင်းတွင် စစ်ကောင်စီတပ်သည် Y-12 ဂျက်ဖိုက်တာဖြင့် လောက်ဖန်း၊ အုမ္မတီး၊ အုမ္မခါးနှင့် ကျောက်ကြမ်းကျေးရွာအနီးတစ်ပိုက်ကိုဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ် အများအပြားပျက်စီးခဲ့သည်။

မတ်လ ၂၂ ရက်နေ့တွင် စစ်ကောင်စီတပ်သည် ဒရုန်းဖြင့် အုမ္မခါးကျေးရွာကို ဗုံး၄လုံးကြဲချရာ အရပ်သား တစ်ဦး ဒဏ်ရာရခဲ့ပြီး နေအိမ်တစ်လုံးပျက်စီးခဲ့သည်။

ဒေသခံများ၏ပြောကြားချက်အရ မတ်လ ၂၅ ရက်နေ့တွင် စစ်ကောင်စီတပ်သည် နောင်ချိုမြို့တောင်ဘက်ရှိ တောင်းခမ်းဒေသကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

မတ်လ ၂၆ ရက်နေ့ညနေ ၆နာရီတွင် စစ်ကောင်စီဂျက်ဖိုက်တာများသည် အုမ္မခါးကျေးရွာ၊သုံးဆယ်နှင့် ရွှေညောင်ပင်ကျေးရွာတို့ကို ဗုံး ၅လုံးကြဲချခဲ့သည်။ဗုံးနှစ်လုံးသည်သုံးဆယ်ကျေးရွာသို့ကျရောက် ပေါက်ကွဲခဲ့ပြီး အရပ်သား ၄ဦး (မိသားစုတစ်ခုတည်းမှ ကျား ၂ဦး၊မ ၂ဦး)သေဆုံးခဲ့ကာ နေအိမ် ၄လုံး ပျက်စီးခဲ့သည်။ဗုံး ၂လုံးသည် အုမ္မခါးကျေးရွာသို့ကျရောက်ပေါက်ကွဲခဲ့ပြီး အရပ်သား ၄ဦး ဒဏ်ရာရခဲ့ကာ နေအိမ်၄လုံးပျက်စီးခဲ့သည်။

မတ်လ ၂၈ ရက်နေ့ နေ့လည် ၁နာရီဝန်းကျင် မန္တလေးမြို့အနီးကိုဗဟိုပြုလှုပ်ခတ်သော ၇.၇ မဂ္ဂနီကျူ့ပြင်းအားရှိ သောငလျင်နှင့် မိနစ်ပိုင်းသာခြား၍ စစ်ကောင်စီလေတပ်သည် နောင်လင်ကျေးရွာ နှင့်ကံကြီးကျေးရွာတို့ကို ဗုံး၈ လုံးကြဲချခဲ့ရာ နေအိမ် ၁၀လုံးပျကစီးခဲ့သည်။

မတ်လ ၃၀ ရက် နေ့လည် ၁၂ နာရီဝန်းကျင်အချိန်တွင် စစ်ကောင်စီလေတပ်သည် ပေါင် ၂၅၀ ဗုံးနှစ်လုံးကို အုမ္မသီးကျေးရွာ သို့ကြဲချခဲ့ရာ နေအိမ် အများအပြားပျက်စီးခဲ့သည်။

မတ်လ ၃၁ ရက်နေ့ မနက် ၁၀ နာရီခွဲဝန်းကျင်တွင် စစ်ကောင်စီတပ်သည် ကျောက်ကြမ်းကျေးရွာကို ဒရုန်းဖြင့် ဗုံးများကြဲချခဲ့ရာ နေအိမ် ၂ လုံးပျက်စီးခဲ့သည်။

ဧပြီလ ၁ ရက်နေ့ မနက် ၁၁ နာရီဝန်းကျင်တွင် စစ်ကောင်စီတပ်သည် ဒရုန်းဖြင့်သုံး ဆယ်ကျေးရွာနှင့် အုမ္မသီး ကျေးရွာသို့ ဗုံးများကြဲချခဲ့ရာ အရပ်သား ၁ဦးသေဆုံးပြီး နေအိမ်တစ်လုံးပျက်စီးခဲ့သည်။

ဧပြီလ ၁ ရက်နေ့ မနက် ၁၁း၂၄ ဝန်းကျင်တွင် စစ်ကောင်စီတပ်သည် တောင်းခမ်းကျေးရွာအနီးရှိ တောင်လုကျေးရွာကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အရပ်သား ၅ ဦးဒဏ်ရာရခဲ့ပြီး နေအိမ် ၂ လုံးပျက်စီးခဲ့သည်။ တစ်ချိန် တည်းမှာပင် စစ်ကောင်စီလေတပ်သည် ရေမောင်းတန်းကျေးရွာနှင့် လွယ်ခွင်ကျေးရွာတို့ကို လေကြောင်းမှဗုံးကြဲခဲ့ရာ နေအိမ်အများအပြားပျက်စီးခဲ့သည်။

**နောင်ချိုမြို့နယ်တွင် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုနှင့်ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများ ကြောင့် အရပ်သား ထိခိုက်သေဆုံးများ (မတ် ၂၁-ဧပြီ ၁၊၂၀၂၅)**

| စဉ် | ရက်စွဲ | ရပ်ကွက်၊ ကျေးရွာ | အကြောင်းအရာ | အရပ်သားသေဆုံးမှု | | အရပ်သားဒဏ်ရာရမှု | | ထိခိုက်ပျက်စီးမှု |
|---|---|---|---|---|---|---|---|---|
| | | | | ဖြစ်စဉ် | ဦးရေ | ဖြစ်စဉ် | ဦးရေ | |
| ၁ | ၂၁.၃.၂၀၂၅ | လောက်ဖန်း၊ အုမ္မတီး၊ အုမ္မခါး၊ ကျောက်ကြမ်း ကျေးရွာ | စစ်ကောင်စီတပ်မှ Y-12 ဂျက်ဖိုက်တာဖြင့် ဗုံးကြဲ | | | | | နေအိမ်အများအပြားပျက်စီး |
| ၂ | ၂၂.၃.၂၀၂၅ | အုမ္မခါးကျေးရွာ | စစ်ကောင်စီတပ်မှ ဒရုန်းဖြင့်ဗုံးကြဲ | | | | ၁ | နေအိမ် ၁ လုံး ပျက်စီး |
| ၃ | ၂၆.၃.၂၀၂၅ | အုမ္မခါး၊သုံးဆယ်၊ ရွှေညောင်ပင်ကျေးရွာ | ညနေ ၆ နာရီတွင် စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာ ၂ စီး ဖြင့်ဗုံးကြဲ | ကျား ၂ မ ၂ | ၄ | | ၄ | နေအိမ် ၁၀ လုံး ပျက်စီး |
| ၄ | ၂၈.၃.၂၀၂၅ | နောင်လင်ရွာ၊ ကံကြီးရွာ | နေ့လည် ၁ နာရီ ဝန်းကျင်တွင် စစ်ကောင်စီလေတပ်မှ ဗုံး ၈ လုံးကြဲချ | | | | | နေအိမ် ၁၀ လုံး ပျက်စီဒ |
| ၅ | ၃၀.၃.၂၀၂၅ | အုမ္မတီးကျေးရွာ | နေ့လည် ၁၂ နာရီ ခန့်တွင် စစ်ကောင်စီ လေတပ်မှ ပေါင် ၂၅၀ ဗုံး ၂ လုံးကြဲချ | | | | | နေအိမ်အများအပြားပျက်စီး |
| ၆ | ၃၁.၃.၂၀၂၅ | ကျောက်ကြမ်းကျေးရွာ | မနက် ၁၀ နာရီ ဝန်းကျင်တွင် စစ်ကောင်စီတပ်မှ ဒရုန်းဖြင့်ဗုံးကြဲ | | | | | နေအိမ် ၂လုံး ပျက်စီး |
| ၇ | ၁.၄.၂၀၂၅ | သုံးဆယ်ကျေးရွာ အုမ္မသီးကျေးရွာ | မနက် ၁၁း၂၄ တွင် စစ်ကောင်စီမှ ဒရုန်းဖြင့်ဗုံးကြဲ | | | | | နေအိမ် ၁လုံး ပျက်စီး |
| ၈ | ၁.၄.၂၀၂၅ | တောင်လှကျေးရွာ ရေမောင်းတန်းရွာ | မနက် ၁၁ နာရီ ခန့်တွင် | | ၁ | | ၅ | နေအိမ် ၂ လုံးပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | လွှယ်ခွင်ရွာ | စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက် | | | | | |
| | | | | | | | | |
| | | | | **စုစုပေါင်း** | **၅** | | **၅** | **နေအိမ် ၂၆ လုံး ကျော်ပျက်စီး** |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် 66 94 728 6696 Signal (ရှမ်း အင်္ဂလိပ်)

ယိင်းလျန်းဟန် 1 825 425 4099 Signal (မြန်မာ)